**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမားဝန်ကြီးဌာန**
**လူမှုဖူလုံရေးအဖွဲ့**
**နေပြည်တော်**
**ဝန်ထမ်းလျှောက်လွှာ နောက်ဆုံးလျှောက်ထားရမည့်ရက်**
**ပြင်ဆင်သတ်မှတ်ခြင်း**
**၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်**
**(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ လ ၁၀ ရက်)**

၁။ အလုပ်သမားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့တွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) (၁၈၀) နေရာ၊ ယာဉ်မောင်း (၅) (လစာနှုန်း ၁၆၂၀၀၀-၂၀၀၀-၁၇၂၀၀၀) (၃) နေရာ ၊ (လစာနှုန်း ၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) ရုံးအကူ (၂) နေရာ၊ အစောင့်(၁၀) နေရာ ၊ သန့်ရှင်းရေးအကူ (၃) နေရာ ၊ လုပ်သား (ထမင်းချက်) (၃) နေရာ၊ လုပ်သား (ရင်ခွဲရုံလုပ်သား) (၁) နေရာ စုစုပေါင်း အမှုထမ်း (၂၀၂) နေရာအတွက် အရည်အချင်းကိုက်ညီသူများ ၉-၁၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထား လျှောက်ထားနိုင်ကြောင်း ၃-၁၀-၂၀၂၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ၊ မြဝတီသတင်းစာနှင့်ဝန်ကြီးဌာန Website တို့တွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ အထက်ပါ ဝန်ထမ်းလျှောက်လွှာ ခေါ်ယူမှုအတွက် နောက်ဆုံးထားလျှောက်ထားရန် သတ်မှတ်သည့်ရက် ၉-၁၁-၂၀၂၃ ရက်အစား ၂၉-၁၂-၂၀၂၃ ရက် အထိ ပြောင်းလဲပြင်ဆင်သတ်မှတ်ပြီး အရည်အချင်းစစ်စာမေးပွဲအား အောက်ဖော်ပြပါအတိုင်း ပြောင်းလဲဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **အငယ်တန်းစာရေးရာထူး**

(၁) ၁၃-၁-၂၀၂၄ ရက်နေ့၊ နံနက် ၀၉း၃၀ နာရီမှ ၁၀း၃၀ နာရီအထိ အထွေထွေဗဟုသုတ မေးခွန်းလွှာ၊ မွန်းလွဲ ၁၁း၀၀ နာရီမှ ၁၂း၀၀ နာရီအထိ အင်္ဂလိပ်စာမေးခွန်းလွှာ။

(၂) ၁၄-၁-၂၀၂၄ ရက်နေ့၊ နံနက် ၀၉း၃၀ နာရီမှ ၁၀း၃၀ နာရီအထိ ကွန်ပျူတာစစ်ဆေးခြင်း၊ မွန်းလွဲ ၁၁း၃၀ နာရီမှ ပြီးဆုံးချိန်ထိ လူတွေ့(နှုတ်ဖြေ) စစ်ဆေးခြင်း။

(ခ) **ယာဉ်မောင်း(၅) ၊ ရုံးအကူ၊ အစောင့်၊ သန့်ရှင်းရေးအကူ၊ လုပ်သား (ထမင်းချက်)၊ လုပ်သား (ရင်ခွဲရုံလုပ်သား) ရာထူးများအတွက်**

(၁) ၁၅-၁-၂၀၂၄ ရက်နေ့၊ နံနက် ၀၉း၃၀ နာရီမှ ပြီးဆုံးချိန်ထိ လူတွေ့(နှုတ်ဖြေ) စစ်ဆေးခြင်း။

၃။ အရည်အချင်းစစ်စာမေးပွဲကို လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်တို့တွင် ကျင်းပပြုလုပ်ပါမည်။ အသေးစိတ်သိရှိလိုပါက နေပြည်တော်ကောင်စီ၊ ပြည်နယ်/တိုင်းဒေသကြီးလူမှုဖူလုံရေးရုံးများနှင့် လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်) နေပြည်တော်၊ ၀၆၇-၃၄၁၇၉၀၃၊ ၀၆၇-၃၄၁၇၉၀၆ သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လူမှုဖူလုံရေးအဖွဲ့
အလုပ်သမားဝန်ကြီးဌာန

## လျှောက်လွှာပုံစံများ

- အငယ်တန်းစာရေး
- ယာဉ်မောင်း-၅(အမျိုးသား)
- ရုံးအကူ
- အစောင့်အမျိုးသား
- သန့်ရှင်းရေးအကူ
- လုပ်သား(ထမင်းချက်)
- လုပ်သား(ရင်ခွဲရုံလုပ်သား)